၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်။ | သတင်းထုတ်ပြန်ချက်အကျဉ်း

**ယေဘုယျအားဖြင့် မဲပေးမှုဖြစ်စဉ် အဆင်ပြေချောမွေ့သော်လည်း မသန်စွမ်းမဲဆန္ဒရှင်များအတွက် အစီအမံများလိုအပ်ချက်ရှိနေဆဲဖြစ်ပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် ပတ်သက်၍ မဲရုံမှူးများ၏ နားလည်သိရှိမှုအားနည်း**

နိုဝင်ဘာ ၃၊ ရန်ကုန်

နိုဝင်ဘာလ ၃ ရက်တွင် လစ်လပ်မဲဆန္ဒနယ် ၁၂ ခု[၁] အတွက် ကျင်းပနေသော ကြားဖြတ်ရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ဖန်တီးအိမ် အဖွဲ့တို့က စောင့်ကြည့်လေ့လာသူ ၅၇၉ ဦးကို မြို့နယ် ၁၂ ခုသို့စေလွှတ်ခဲ့ပါသည်။ လက်ခံရရှိပြီးသော အစီရင်ခံမှုများအရ PACE နှင့် ဖန်တီးအိမ် အဖွဲ့မှ စောင့်ကြည့်လေ့လာသူအားလုံးသည် မဲပေးမှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာမှုများ ပြုလုပ်နိုင်ခဲ့ကြပါသည်။ PACE နှင့် ဖန်တီးအိမ် အဖွဲ့အနေဖြင့် အစောပိုင်းတွင် စောင့်ကြည့်လေ့လာသူအချို့ထံမှ မဲရုံအတွင်းသို့ဝင်ရောက်ခွင့် မရရှိကြောင်း အစီရင်ခံမှုကို လက်ခံရရှိခဲ့သော်လည်း နောက်ပိုင်းတွင် အားလုံးဝင်ရောက်စောင့်ကြည့် လေ့လာနိုင်ခဲ့ကြပါသည်။ တယ်လီဖုန်း ဆက်သွယ်ရေးဆိုင်ရာ ပြဿနာများ၊ အခြားအခက်အခဲများကြောင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ ဒေသအချို့မှ စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံမှုများကို မရရှိသေးပါ။ သို့ဖြစ်ပါ၍ ယင်းအစီရင်ခံမှုများကို လက်ခံရရှိပါက တွေ့ရှိချက်၏ ကိန်းဂဏန်းများမှာ အပြောင်းအလဲ အနည်းငယ်ဖြစ်နိုင်ပါသည်။

ဖန်တီးအိမ်အဖွဲ့မှ မခင်လေးငယ် က "အခုရွေးကောက်ပွဲမှာ မဲရုံတွေမှာတာဝန်ထမ်းဆောင်တဲ့သူတွေက အရင်ရွေးကောက်ပွဲတွေထက်စာရင် ကျား-မ အချိုး ပိုပြီးတော့ ညီမျှလာတယ်။ ဒါဟာ ကြိုဆိုသင့်တဲ့အချက်ပါပဲ"

PACE အဖွဲ့မှ စိုင်းရဲကျော်စွာမြင့်က "ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူတွေကို ပုံစံ ၈ မပါလို့ စောင့်ကြည့်လေ့လာမှု လုပ်လို့မရဘူးဆိုတဲ့ မဲရုံမဖွင့်ခင်မှာဖြစ်ခဲ့တဲ့ နားလည်လွဲမှားမှုဟာ ဒီကြားဖြတ်ရွေးကောက်ပွဲမှာ ကြီးမားတဲ့ပြဿနာမဟုတ်ပေမယ့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက်ဆိုရင် မဲရုံမှူးတွေကို ဒီထက်ပိုပြီး သင်တန်းပို့ချဖို့လိုမယ်လို့ ထင်ပါတယ်"

- စောင့်ကြည့်လေ့လာသူများ၏ ၉၆% သည် မဲပေးမှုများမစတင်မီ မဲရုံများအတွင်းသို့ ဝင်ရောက်ခွင့်ရရှိခဲ့သည်။ အစောပိုင်းတွင် မဲရုံအတွင်းသို့ဝင်ရောက်ကာ မဲရုံခင်းကျင်းပြင်ဆင်ခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာမှုများပြုလုပ်ခွင့်မရဟု အစီရင်ခံသူ ၄% ခန့် ရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်မှုကြောင့် စောင့်ကြည့်လေ့လာခွင့် ပြန်လည်ရရှိခဲ့ပါသည်။ ဝင်ခွင့်မရသည့်အဓိကအကြောင်းအရင်းများမှာ ပုံစံ ၈ မပါသောကြောင့်ဖြစ်သည်။ ( ပုံစံ ၈ သည် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ မဲရုံကိုယ်စားလှယ် /အကူကိုယ်စားလှယ်ခန့်အပ်လွှာဖြစ်သည်။)
- မဲရုံမှူးများ၏ ထက်ဝက်ကျော်ခန့် (၅၇%) မှာ အမျိုးသမီးများ ဖြစ်ကြသည်။ ရန်ကုန်ရှိ မဲရုံမှူးများ၏ ၉၇% မှာ အမျိုးသမီးများဖြစ်ကြပြီး ရန်ကုန်မဟုတ်သည့် အခြားနေရာများတွင် မဲရုံမှူးများ၏ ၅၁% ကသာ အမျိုးသမီးများ ဖြစ်ကြသည်။ မဲရုံအဖွဲ့ဝင်များ၏ ၆၀% မှာ အမျိုးသမီးများဖြစ်ပြီး ၄၀% မှာ အမျိုးသားများ ဖြစ်ကြပါသည်။

---

[၁] မန္တလေးတိုင်းဒေသကြီးလွှတ်တော် ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်ကို ထည့်သွင်းစောင့်ကြည့်လေ့လာခြင်း မပြုလုပ်ပါ။

- မဲရုံများ၏ထက်ဝက်ခန့် (၅၃%) မှာ ဘီးတပ်ကုလားထိုင်ဖြင့်လာသော မဲဆန္ဒရှင်များအတွက် အကူအညီမပါဘဲ အလွယ်တကူ သွားလာနိုင်သော်လည်း ၄၇% တွင်မူ အကူအညီမပါပဲ လာရောက်ရန် မလွယ်ကူသည်ကို တွေ့ရပါသည်။ ထို့အပြင် မဲရုံများ၏ ထက်ဝက်အောက် (၄၆%) တွင်သာ ဘီးတပ်ကုလားထိုင်ဖြင့်လာသော မဲဆန္ဒရှင်များအတွက် အဆင်ပြေလွယ်ကူစေရန် ဆန္ဒပြုခန်းများ ပြင်ဆင်ထားသည်ကို တွေ့ရသော်လည်း ကျန် ၅၄% တွင်မူ ပြင်ဆင်ထားခြင်း မရှိသည်ကို တွေ့ရပါသည်။
- မဲရုံများ၏ ၉၀% တွင် ကြိုတင်မဲပုံးများ မဲရုံမဖွင့်လှစ်မီကပင် ရောက်ရှိသော်လည်း ကျန် ၁၀% တွင်မူ ကြိုတင်မဲပုံးများ မဲရုံမဖွင့်မီ ရောက်ရှိလာခြင်းကို မတွေ့ရချေ။
- မဲရုံများ၏ ၇၉% တွင် ပုံစံ ၁၃ (မဲဆန္ဒနယ်တွင်း ကြိုတင်မဲစာရင်း) ကို မဲရုံအပြင်ဘက်တွင် ကပ်ထားသော်လည်း ၂၁% တွင်မူ ယင်းပုံစံများ ကပ်ထားခြင်းမရှိသည်ကို တွေ့ရပါသည်။
- မဲရုံအားလုံးနီးပါး (၉၇%) တွင် မဲရုံစတင်ဖွင့်လှစ်သည့်အချိန်၌ မဲပေးရာတွင် လိုအပ်သည့်ပစ္စည်းများ အဆင်သင့်ရှိနေပြီ ဖြစ်သော်လည်း မဲရုံများ၏ ၃ % တွင်မူ ပုံစံ ၁၆ နှင့် ၁၇ တို့ကို မတွေ့ရဟု စောင့်ကြည့်လေ့လာသူများက သတင်းပို့ပါသည်။
- မဲရုံအားလုံးနီးပါး (၉၆%) ၌ နံနက် ၆:၃၀ နာရီတွင် မဲပေးမှုများ စတင်ခဲ့ကြသော်လည်း မဲရုံများ၏ ၄% တွင်မူ အဆိုပါ အချိန်ထက် နောက်ကျပြီး မဲပေးမှုများကို စတင်နိုင်ခဲ့ကြပါသည်။

ရွေးကောက်ပွဲနေ့ဖြစ်စဉ်စောင့်ကြည့်လေ့လာခြင်း ကနဦးတွေ့ရှိချက် အစီရင်ခံစာကို နိုဝင်ဘာလ ၄ ရက်တွင် ထုတ်ပြန်ရန် ပြင်ဆင်ထားပါသည်။

**ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့** (People's Alliance for Credible Elections-PACE) သည် လွတ်လပ်ပြီး ပါတီစွဲကင်းသည့် အစိုးရ မဟုတ်သော ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် နိုင်ငံသားများ အားလုံးပါဝင်ခွင့် ပိုမိုတိုးတက်မြင့်မားလာစေရန် နိုင်ငံသားအခွင့်အရေးအသိပညာပေးခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့် ရွေးကောက်ပွဲ ဥပဒေမူဘောင် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပါသည်။

**ဖန်တီးအိမ်အဖွဲ့** (Phan Tee Eain) ကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံသားအသိပညာပေးခြင်း နှင့် ရွေးကောက်ပွဲ ပညာပေးခြင်းလုပ်ငန်းများကို ပံ့ပိုးကူညီပေးခဲ့သည်။ ဖန်တီးအိမ်သည် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီတွင်းရှိ အလားအလာရှိသော အမျိုးသမီးများ အား ခေါင်းဆောင်မှု စွမ်းရည်မြှင့်သင်တန်းများ ပေးခြင်းဖြင့် လည်းကောင်း၊ ကျား-မ တန်းတူညီမျှရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လစဉ်စကားဝိုင်းများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း လွှတ်တော်များနှင့် နိုင်ငံရေးပါတီများအတွင်း ကျား-မ ရေးရာ တန်းတူညီမျှမှု သဘောတရားများ တိုးပွားလာအောင် လုပ်ဆောင်ခဲ့ပါသည်။

ဆက်သွယ်ရန်။ ။ **ခင်ငြိမ်းချမ်း၊ ၀၉ ၂၅၁၄၃ ၀၁၃၄၊** khinnyeinchan@pacemyanmar.org
၁၄၊ စံရိပ်ငြိမ် ၅ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်